## ၂ ပညာရေး

၂ ပညာရေး ထိပ်သို့

### 3 မူလတန်းကျောင်း၊ အလယ်တန်းကျောင်း

ဂျပန်တွင်မူလတန်းကျောင်း(၆နှစ်)၊အလယ်တန်းကျောင်း(၃နှစ်)သည်မတက်မသင်မနေရပညာရေးစနစ်ဖြစ်သည်။ ဂျပန်မှာ ထူခြားသော ကျောင်းဓလေ့များ၊ ကျောင်းလှုပ်ရှားမှုများ၊ ကျောင်းစည်းကမ်းများရှိသည်။ ၎င်းကို သိရှိနားလည်ပြီး ကလေးကို စိတ်ချပျော်ရွှင်စွာ ကျောင်းထားရအောင်။

#### 3-1 ကျောင်းတက်ရမည့်အသက်

ကျောင်းတက်ရမည့်အသက်သည် ကျောင်းထားရမည့် အသက်အရွယ်ကို ဆိုလိုသည်။ မူလတန်းသည် အသက်၆နှစ်ပြည့်၊ အလယ်တန်းသည် ၁၂နှစ်ပြည့်သောကလေးဖြစ်သည်။

ဂျပန်ကျောင်းတွင် အသက်ပေါ်မူတည်ပြီး အတန်းကို သတ်မှတ်ထားသည်။ နိုင်ငံခြားသားကလေးဖြစ်ပါက အသက်ကိုမူတည်ပြီး သင့်တော်သည့်အတန်းတွင် ပညာသင်ကြားနိုင်ပါသည်။

#### 3-2 ကုန်ကျငွေ

| | |
|---|---|
| **အများပြည်သူပိုင်ကျောင်း** | မူလတန်းကျောင်း၊အထက်တန်းကျောင်း၏ကျောင်းဝင်ကြေး၊ကျောင်းလခ၊ဖတ်စာအုပ်ကြေးသည်အခမဲ့။ လေ့ကျင့်ခန်းစာအုပ်၊စာရေးကိရိယာ၊နေ့လယ်စာ၊ခရီးထွက်ငွေ၊ကျောင်းဝတ်စုံစသည့်တို့ကိုအုပ်ထိန်းသူက ပေးဆောင်ရမည်။ |
| **ပုဂ္ဂလိကပိုင်ကျောင်း** | ကျောင်းဝင်ကြေး၊ကျောင်းလခစသောကုန်ကျစရိတ်အားလုံးအုပ်ထိန်းသူကပေးဆောင်ရမည်။ |